စိတ်ကူးချိုချိုအနုပညာ

ZERO TO ONE

# သင့်အနာဂတ် တည်ဆောက်ရေးအတွက် ကနဦးပျိုးထောင် လေ့ကျင့်မှုများ

အောင်လှိုင်

အနှစ်ချုပ်မြန်မာပြန်



Photo by Daria Shevtsova from Pexels

mgyoe.com

mgyoe.com .

အနာဂတ်အချိန်ကာလများဟာ
တိုးတက်ဖွံ့ဖြိုး ပြောင်းလဲမှုတွေ မြန်ဆန်လာတာနဲ့အမျှ
မိမိရဲ့ အနာဂတ်ကြီးပြင်းမှုကို လှမ်းမျှော်ကြည့်တဲ့အခါ
မိမိရဲ့ ပကတိရှိခြင်းများအပြင်
ကမ္ဘာကြီးရဲ့အပြောင်းအလဲအလျင်ကိုပါ
ထည့်သွင်းတွက်ချက်လျာထားနိုင်ကြမှသာ
အောင်မြင်မှုကို အမှန်တကယ်တည်ဆောက်နိုင်မှာမို့
ယခုစာအုပ်က သင့်အတွက်
စဉ်းစားဆင်ခြင် ပြင်ဆင်နိုင်ရေး
ကူညီလမ်းညွှန်ပေးထားပါတယ်။

ZERO to ONE
Peter Thiel
with Blake Masters

သင့်အနာဂတ်
တည်ဆောက်ရေးအတွက်
ကနဦးပျိုးထောင်
လေ့ကျင့်မှုများ

အောင်လှိုင်
အနှစ်ချုပ်မြန်မာပြန်

AH0119
1,800.00 KS

mgyoe.com

mgyoe.com

သင့်အနာဂတ်တည်ဆောက်ရေးအတွက်ကနဦးပျိုးထောင်လေ့ကျင့်မှုများ။ အောင်လှိုင်
စာမျက်နှာ ၁၁၉ မျက်နှာ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၈ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# သင့်အနာဂတ် တည်ဆောက်ရေးအတွက် ကနဦးပျိုးထောင်လေ့ကျင့်မှုများ

# ZERO to ONE

## Peter Thiel

### with Blake Masters

အောင်လှိုင်

မြန်မာပြန်

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ အနာဂတ်ကာလ၏စိန်ခေါ်မှု ၁
၂။ ၁၉၉၉ ခုနှစ်ကာလအား ပြန်လည်သုံးသပ်ခြင်း ၆
၃။ ကျေနပ်အားရဖွယ်ကောင်းအောင် တိုးတက်သော
ကုမ္ပဏီအားလုံးမှာကွဲပြားခြားနားမှုတွေ ရှိနေကြပါတယ် ၁၀
၄။ ယှဉ်ပြိုင်မှုနဲ့ပတ်သက်သော အတွေးအခေါ်အမြင်စနစ် ၁၉
၅။ ငွေကြေးစီးဆင်းမှုကို ပြသသောပုံစံ ၂၃
၆။ သင်က ထီလက်မှတ်မဟုတ်ပါ ၃၀
၇။ ငွေကြေးနောက်သို့လိုက်ပါခြင်း ၄၉
၈။ လျှို့ဝှက်ချက်များ ၅၆
၉။ အခြေခံအုတ်မြစ်ချခြင်း ၆၉
၁၀။ ကျွမ်းကျင်ပိုင်နိုင်မှုများကို ကျော်လွန်ခြင်း ၇၆
၁၁။ သင်တည်ဆောက်သောအရာတိုင်းက
အမှန်တကယ်ရုပ်ပုံပေါ်လာမှာလား ၈၁
၁၂။ လူသားနှင့် စက်ပစ္စည်းများ ၈၇
၁၃။ စိမ်းလန်းစိုပြည်သော လောကကမ္ဘာကို
မြင်တွေ့နိုင်အောင် ကြိုးစားခြင်း ၉၄
၁၄။ ဆန့်ကျင်ဘက်အရည်အသွေးရှိသူများကို လေ့လာခြင်း ၁၀၆




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း – ၁
## အနာဂတ်ကာလ၏စိန်ခေါ်မှု

ကျွန်ုပ်တို့ လူနေမှုဘဝတွေဟာ ယနေ့ခေတ်ကာလအရ လျင်မြန်စွာ ပြောင်းလဲနေတာကြောင့် နောက်နှစ် ၁၀၀ အတွင်းမှာ အပြောင်းအလဲတွေက သိသာစွာ ပြောင်းလဲနေတော့မှာ ဖြစ်ပါတယ်။

ဘယ်သူဘယ်ဝါကမှ လာမယ့်နှစ်ကာလ ဆယ်စုနှစ်၊ ရာစုနှစ်တွေအတွက် ကြိုတင်ပြီး ဟောကိန်းမထုတ်နိုင်သော်လည်း အနာဂတ်ကာလမှာ အပြောင်းအလဲတွေ လျင်မြန်စွာဖြစ်ပေါ်လာတော့မယ့် အခြေအနေကိုတော့ ကြိုတင်တွက်ဆပေးနိုင်ပါလိမ့်မယ်။

### တိုးတက်မှုများ၏အနာဂတ်

ကျွန်ုပ်တို့က အနာဂတ်နှင့်ပတ်သက်ပြီး စဉ်းစားတဲ့အခါ တိုးတက်မှုအခြေအနေတွေရဲ့ အနာဂတ်ကိုပါတစ်ခါတည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ တိုးတက်မှုပုံစံအနေနဲ့ နှစ်မျိုးနှစ်စားရှိနေတတ်ပါတယ်။ ရေပြင်ညီပုံစံအတိုင်း တိုးတက်မှု (Horizontal progress) သို့ extensive

mgyoe.com

mgyoe.com


progress နှင့် ထောင်လိုက်ပုံစံအတိုင်း တိုးတက်မှု (vertical progress) သို့ in tensive progress တို့ပဲ ဖြစ်ပါတယ်။

ရေပြင်ညီပုံစံအတိုင်း တိုးတက်မှုဟာ လက်တွေ့အလုပ်ဖြစ်နိုင်မယ့် ကိစ္စတိုင်းအား အတုခိုးပြီး တိုးတက်အောင်လုပ်နိုင်ခြင်းကို ဆိုလိုပါတယ်။


Horizontal progress က extensive progress ဖြစ်တာကြောင့် တိုးတက်မှုတွေကို ကျယ်ပြန့်စွာ ရယူနိုင်အောင် လက်တွေ့အလုပ်ဖြစ်မယ့် အရာမှန်သမျှအား အတုခိုးလုပ်ဆောင်နိုင်တဲ့သဘောဆောင်ပြီး vertical progress ကတော့ imtensive progress ဖြစ်တာနဲ့အညီ တစ်ခုခုကို တစိုက်မတ်မတ် ရေရှည်လုပ်ဆောင်ခြင်းဖြင့် အောင်မြင်မှုရရှိအောင် လုပ်ဆောင်နိုင်တဲ့သဘောကို ဖော်ပြပါတယ်။ ရေပြင်ညီတိုးတက်မှုပုံစံအရ ကျယ်ပြန့်သော လုပ်ဆောင်မှုတွေဟာ "1 မှ n" (new thing) ကိစ္စရပ်အသစ်တွေ သိအောင်အထိ တိုးတက်စေတဲ့သဘောရည်ညွှန်းနေပြီး ထောင်လိုက်တိုးတက်မှုပုံစံကတော့ "ဝ မှ 1" (ဘာမှမသိခြင်းမှ တစ်ခုခုကိုသိခြင်း) ဖြစ်လာတဲ့အထိ တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်နိုင်တဲ့သဘောကို ရည်ညွှန်းနေပါတယ်။

ထောင်လိုက်ပုံစံတိုးတက်မှုနဲ့ ရေပြင်ညီပုံစံတိုးတက်မှုတွေကို လေ့လာရာမှာ... ထောင်လိုက်ပုံစံတိုးတက်မှုပုံစံက ဘာမှမသိခြင်းကနေ တစ်ခုခုကို သိခြင်းဖြစ်လာအောင်အထိ အခက်အခဲနှင့် ကြိုးစားရတတ်ကြောင်း ကြိုးစားဆောင်ရွက်သူအနေနဲ့ အခြားလူတွေ တစ်ကြိမ်တစ်ခါမှ မလုပ်ဖူးသေးတဲ့အလုပ်တစ်ခုကို လုပ်နိုင်စွမ်းရှိဖို့လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ရေပြင်ညီပုံစံတိုးတက်မှုကတော့ တစ်စုံတစ်ခုကို သိထားခြင်းကနေ စတင်ပြီး အခြားသော အသစ်အဆန်းတွေကိုပါ ကျယ်ပြန့်စွာသိရှိအောင် ကြိုးစားလုပ်ကိုင်ဖြစ်တာကြောင့် ထောင်လိုက်ပုံစံတိုးတက်မှုထက် ပိုမိုလွယ်ကူသော (ကြိုးစားရလွယ်ကူသော) ပုံစံဖြစ်ပါတယ်။

mgyoe.com

mgyoe.com




တကယ်တော့ ရေပြင်ညီပုံစံအတိုင်း တိုးတက်မှုဟာ globalizatoin ခေါ်တဲ့ ကမ္ဘာလုံးဆိုင်ရာ တိုးတက်မှုကို ကိုယ်စားပြုနေပြီး ထောင်လိုက်ပုံစံတိုးတက်မှုကတော့ တဖြည်းဖြည်း အရှိန်ရတိုးတက်လာတဲ့နည်းပညာ technology ကို ရည်ညွှန်းနေပါတယ်။

ကမ္ဘာလုံးဆိုင်ရာ တိုးတက်မှုကို ကိုယ်စားပြုသော ရေပြင်ညီပုံစံတိုးတက်မှုအရ... တစ်နေရာရာကနေရရှိတဲ့အလုပ်ဖြစ်မယ့်အရာတွေကို နေရာတိုင်းမှာအလုပ်ဖြစ်အောင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်တိုးတက်မှုကိုရှာရမှာ ဖြစ်ပါတယ်။

တရုတ်နိုင်ငံအနေနဲ့ ယနေ့ကာလ အမေရိကန်ပြည်ထောင်စုကိုအမီလိုက်နိုင်ဖို့အတွက် နှစ်ပေါင်း ၂၀ ကြာကတည်းက ကြိုတင်စီမံကိန်းချပြီး ကြိုးစားဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။


တရုတ်နိုင်ငံဟာ သူ့နိုင်ငံစီးပွားတိုးတက်ဖို့အတွက် ဖွံ့ဖြိုးပြီးနိုင်ငံတွေက အလုပ်ဖြစ်တဲ့ ထုတ်ကုန်အတော်များများကို တုပထုတ်လုပ်နိုင်အောင် ကြိုးစားခဲ့တာကြောင့် ရေပြင်ညီပုံစံအတိုင်း ကျယ်ပြန့်သော တိုးတက်မှုအဆင့်ဆင့်နဲ့ သိပြီးသားအရာတွေမှာတင် ရပ်တန့်မနေဘဲ အသစ်အဆန်းဖြစ်မယ့်အရာတွေကို သိအောင် ကျယ်ကျယ်ပြန့်ပြန့်နဲ့ ကြိုးစားခဲ့တဲ့ အခြေအနေကိုသာ အထင်အရှားဖော်ပြနေပါတယ်။

mgyoe.com

mgyoe.com


၁၉ ရာစုအတွင်းက တရုတ်နိုင်ငံဟာ မီးရထားလမ်းတွေ များစွာ ဖောက်လုပ်နိုင်ခဲ့ပြီး မြို့ပြဆက်သွယ်ရေးအခြေအနေအရပ်ရပ်ကို အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့တာ တွေ့ရပါတယ်။ ၂၀ ရာစုကာလတစ်လျှောက်ထုတ်ကုန်လုပ်ငန်း အတော်များများအား တစ်ကမ္ဘာလုံးအတိုင်းအတာထိ ထိုးဖောက်ပြီး ဈေးကွက်များမှာ နေရာယူ–ဝင်ဆံ့နိုင်ခဲ့ပါတယ်။ ယနေ့ ၂၁ ရာစုကာလတစ်လျှောက်မှာလည်း တစ်ကမ္ဘာလုံးမှာရှိတဲ့ နာမည်ကျော်ထုတ်ကုန်ပစ္စည်းမှန်သမျှကို တစ်ပုံစံတည်းတူအောင် ဆက်လက်တုပထုတ်လုပ်နိုင်ဆဲဖြစ်ပြီး သူ့နိုင်ငံတိုးတက်မှုအတွက် ဘက်စုံ၊ ကဏ္ဍစုံမှာ ကျယ်ပြန့်စွာနဲ့ ဆက်လက်တိုးချဲ့ဆောင်ရွက်နေဆဲဖြစ်တာတွေ့ရှိရပါတယ်။ တရုတ်နိုင်ငံရဲ့တိုးတက်မှု အစီအစဉ်တွေဟာ သာမန်အခြေအနေထက် ကျော်လွန်ပြီး ကမ္ဘာလုံးဆိုင်ရာအဆင့်ထိ ဆက်လက်တိုးတက်ဖွံ့ဖြိုးအောင်ထိုးဖောက်နေဦးမှာ ဖြစ်ပါတယ်။

ထောင်လိုက်ပုံစံတိုးတက်မှုဟာ နည်းပညာတိုးတက်မှုကို တိုက်ရိုက်ရည်ညွှန်းနေပြီး သတင်းအချက်အလက်နှင့် နည်းပညာထွန်းကားတဲ့ ယနေ့ကာလမှာ အမေရိကန်ရဲ့ ဆီလီကွန်ဗယ်လီ (ဆီလီကွန်တောင်ကြား) က နည်းပညာပေါင်းစုံရဲ့ မြို့တော်အဖြစ် အထင်အရှား တည်ရှိလာတာ တွေ့ရပါတယ်။



mgyoe.com

ကမ္ဘာလုံးဆိုင်ရာတိုးတက်မှုနှင့် နည်းပညာတိုးတက်မှုတို့ဟာ ပုံစံအရဖြစ်စေ၊ နည်းလမ်းအရဖြစ်စေ တိုးတက်မှုပုံစံကွဲပြားလျက် ရှိကြပါတယ်။

သင့်အနေနဲ့ အဆိုပါ တိုးတက်မှု ပုံစံ ၂ ရပ်စလုံးကို ရယူဖို့ လုံးဝဖြစ်နိုင်ပါတယ်။ သို့သော်လည်း သင်က အဆိုပါ ပုံစံနှစ်ရပ်စလုံးကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတော့ ရယူချင်လို့မဖြစ်နိုင်ပါဘူး။

ဥပမာအနေနဲ့ ၁၈၁၅ မှ ၁၉၁၄ ကာလအတွင်း အချိန်တွေဟာ နည်းပညာတိုးတက်ဖွံ့ဖြိုးမှုနဲ့ ကမ္ဘာလုံးဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုနှစ်ရပ်စလုံး လျင်မြန်တဲ့ကာလတွေ ဖြစ်ခဲ့ပါတယ်။

သို့သော်လည်း ၁၉၇၁ ခုနှစ်ကာလက တရုတ်နိုင်ငံအတွက် နည်းပညာတိုးတက်မှုကာလဖြစ်ခဲ့သော်လည်း ကမ္ဘာလုံးဆိုင်ရာအဆင့်ထိ ထိုးဖောက်ပြီး တိုးတက်အောင် လုပ်နိုင်တဲ့အခြေအနေတော့ မရှိခဲ့ပါဘူး။

နည်းပညာပြောင်းလဲတိုးတက်မှုတစ်စုံတစ်ရာ မရှိဘဲ တရုတ်နိုင်ငံအနေနဲ့ တိုးတက်နိုင်တဲ့အခွင့်အလမ်းတွေ မရှိခဲ့ပါဘူး။ ထိုကာလတစ်လျှောက် တရုတ်နိုင်ငံဟာ စွမ်းအင်ထုတ်လုပ်မှုမှာ ၂ ဆမြင့်တက်လာခဲ့ပြီး နောက်ထပ်နှစ်ပေါင်း ၂၀ ကြာကာလအထိ စက်မှုလုပ်ငန်းတွေ ဆက်လက်တိုးတက်လာခဲ့တာ တွေ့ရပါတယ်။

တရုတ်နိုင်ငံက စက်မှုလုပ်ငန်း ၂ ဆထိ တိုးတက်လာတာကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု အခြေအနေမြင့်တက်လာကာ လေထုညစ်ညမ်းမှုဖြစ်စဉ်ကိုလည်း ၂ ဆထိ တိုးမြင့်စေခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။

အကယ်၍ ကျွန်ုပ်တို့မှီတင်းနေထိုင်တဲ့ ကမ္ဘာမှာ သဘာဝစွမ်းအင်အရင်းအမြစ်တွေ ရှားပါးသွားတော့မယ်ဆိုရင် နည်းပညာသစ်တွေ လုံးဝမပါရှိတဲ့ ကမ္ဘာလုံးဆိုင်ရာအဆင့် တိုးတက်ဖွံ့ဖြိုးမှုဆိုတာကိုလည်း ရေရှည်ခိုင်မြဲအောင် ထိန်းသိမ်းထားနိုင်စွမ်း မရှိနိုင်တော့ပါဘူး။ တဖြည်းဖြည်းတိုးတက်ဖွံ့ဖြိုးလာတဲ့နည်းပညာတွေဟာ... အလိုအလျောက် ပေါ်ထွန်းလာတာ မဟုတ်ဘဲ ဆင့်ကဲတိုးတက်မှုဖြစ်စဉ်အရ... တဖြည်းဖြည်းအရှိန်မြင့်မားစွာ တိုးတက်လာခြင်းသာ ဖြစ်ပါတယ်။

❒

mgyoe.com

mgyoe.com

# အခန်း – ၂
## ၁၉၉၉ ခုနှစ်ကာလအား ပြန်လည်သုံးသပ်ခြင်း

၁၉၉၀ ခုနှစ်များကာလအတွင်း ကျွန်ုပ်တို့ရဲ့စီးပွားရေးအခြေအနေက အတော်အတန်ပြည့်စုံတဲ့ အခြေအနေမှာရှိနေခဲ့ပြီး နောက်လာမယ့် ဆယ်စုနှစ်တိုင်းကိုလည်း အကောင်းမြင်သောဘက်ကနေ ကြိုဆိုချင်တဲ့စိတ်ရှိနေခဲ့ပါတယ်။ ထိုကာလများတစ်လျှောက် ဆိုရှယ်မီဒီယာတွေ၊ အင်တာနက်တွေ ခေတ်စားဖွံ့ဖြိုးလာခဲ့တာကြောင့်လည်း လုပ်ကိုင်မှု အခြေအနေတွေမှာ အဆင်ပြေချောမွေ့မှုတွေ ပိုလာခဲ့ပါတယ်။

၁၉၈၉ ခုနှစ် နိဝင်ဘာလ၊ ဘာလင်တံတိုင်းဖြိုချပြီးနောက်ပိုင်း ဝမ်းမြောက်ရွှင်မြူးခြင်းတွေနဲ့အတူ ၁၉၉၀ ခုနှစ်များကို စတင်စေခဲ့ပါတယ်။ ထိုသို့ ပျော်ရွှင်စရာကောင်းတဲ့ကာလဟာ တိုတောင်းလှတယ်ဆိုရပါမယ်။ ၁၉၉၀ ခုနှစ်များရဲ့ နှစ်လယ်ပိုင်းမှာအမေရိကန်ပြည်ထောင်စုက စီးပွားရေး ကျဆင်းလာပြီး ၁၉၉၁ ခုနှစ် မတ်လကနေ ၁၉၉၂ ခုနှစ် ဇူလိုင်လအထိ အလုပ်လက်မဲ့ဦးရေတွေ မြင့်တက်လာခဲ့ပါတယ်။

၁၉၉၂ ခုနှစ်မှာ ၁၉၉၄ ခုနှစ်ကာလကတော့ အဘက်ဘက်ကနေ ကျဆင်းစရာတွေဖြစ်နေတဲ့ကာလလို့ဆိုနိုင်ပါတယ်။

ထိုကာလတွေအတွင်း အမေရိကန် ဆီလီကွန်တောင်ကြားရဲ့

mgyoe.com

mgyee.com


စွမ်းဆောင်မှုတွေက နေးကွေးနေပြီး ဂျပန်နိုင်ငံကတော့ ကွန်ပျူတာသုံးလျှပ်ကူးပစ္စည်းတွေမှာ အကောင်းဆုံးထုတ်လုပ်နိုင်စွမ်းတွေနဲ့ အနိုင်ရနေခဲ့ပါတယ်။

၁၉၈၅ ခုနှစ်မှာ စာရေးသူ ကျွန်တော် စတန်းဖို့ဒ်တက္ကသိုလ်ရောက်ခဲ့စဉ်က ကွန်ပျူတာသိပ္ပံပညာရပ်ဟာ ခေတ်စားမှု သိပ်မရှိသေးဘဲ စီးပွားရေးပညာရပ်သင်ယူမှုအပိုင်းကသာ ထင်ပေါ်ကျော်ကြားမှုရှိခဲ့တာ တွေ့ရပါတယ်။

သို့သော်လည်း နောက်ပိုင်းမှာ ကွန်ပျူတာနည်းပညာရပ် ဖွံ့ဖြိုးမှုကြောင့် အင်တာနက်က အရာအားလုံးကို လုံးဝဥသုံ ပြောင်းလဲပေးနိုင်ခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်မှာ mosaic borwser က နိုဝင်ဘာလအတွင်း တရားဝင် ထုတ်လွှင့်အသုံးချနိုင်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ထိုကာလအတွင်း လူတိုင်းရဲ့ပါးစပ်ဖျားမှာ အင်တာနက်–အွန်လိုင်းဆိုတဲ့ အသုံးအနှုန်းတွေ ရေပန်းစားလာခဲ့ပြီး လက်တွေ့မှာလည်း အတော်လေး အသုံးတည့်တဲ့အဆင့်ကို ရောက်ရှိလာခဲ့ပါတယ်။

နောက်ပိုင်းကာလမှာ မော့ဆက် (mosaic) က "Netscape" ဖြစ်လာပြီး ၁၉၉၄ ခုနှစ်နှောင်းပိုင်းမှာတော့ Navigator borwser ကို ထပ်ဆင့်ထုတ်လွှင့်နိုင်ခဲ့ပါတယ်။

"Navigator browser" ရဲ့ စွမ်းရည်က အသုံးပြုသူတွေအတွက် အလုပ်ကို လျင်မြန်စွာပြီးဆုံးစေတာကြောင့် browse ဈေးကွက်ဟာ ၁၉၉၅ ခုနှစ် ဇန်နဝါရီလအတွင်း ၂၀% မြင့်တက်ခဲ့ရာမှ နောက်ဆယ့်နှစ်လအကြာအရောက်မှာတော့ ၈၀% ထိ မြင့်တက်လာခဲ့တာကို တွေ့ရှိရပါတယ်။

Netscape အနေနဲ့ကလည်း ၁၉၉၅ ခုနှစ် ဩဂုတ်လအတွင်း အကျိုးအမြတ်တွေများစွာရရှိခဲ့ပါတယ်။

Netscape ဟာ ၅ လတာအတွင်း ရှယ်ယာတစ်ခုကို ၂၈ ဒေါ်လာမှ ၁၇၄ ဒေါ်လာအထိ မြင့်တက်လာခဲ့ပါတယ်။

ထိုကာလတစ်လျှောက် အခြားသောနည်းပညာ ကုမ္ပဏီတွေကလည်း အပြိုင်အဆိုင် တိုးတက်မှုတွေ ရှိနေခဲ့ပါတယ်။

Yahoo ဟာ ၁၉၉၆ ခုနှစ် ဧပြီလအတွင်း ဒေါ်လာ ၈၄၈ သန်းဖိုး

mgyee.com

mgyoe.com


အထိ အကျိုးအမြတ်များစွာ ရရှိခဲ့ပါတယ်။

Amazom ကတော့ ၁၉၉၇ ခုနှစ် မေလမှာ အကျိုးအမြတ်အားဖြင့် ဒေါ်လာ ၄၃၈ မီလီယံအထိရှိခဲ့ပြီး ၁၉၉၈ ခုနှစ် နွေဦးမှာတော့ ကုမ္ပဏီရဲ့ လက်ကျန်ပစ္စည်းတွေက ၄ ဆအထိမြင့်တက်လာခဲ့ပါတယ်။

၁၉၉၇ ခုနှစ် ဇူလိုင်လအတွင်းမှာ အရှေ့အာရှရဲ့ စီးပွားရေးအခြေအနေက အကျပ်အတည်းဖြစ်လာခဲ့ပါတယ်။

ဆီလီကွန်တောင်ကြားနဲ့ပတ်သက်နေတဲ့ စီးပွားရေးစွမ်းဆောင်ရှင်တွေ အနေနဲ့ ယနေ့ကာလအတွက် စီးပွားရေးဆိုင်ရာ စဉ်းစားတွေးခေါ်မှုတွေ အားကောင်းလာစေဖို့ အောက်ပါညွှန်ကြားချက်တွေကို လိုက်နာဖို့ လိုအပ်ပါတယ်။

## ၁။ ကုမ္ပဏီလုပ်ငန်းများကို တဖြည်းဖြည်းတိုးတက်ဖွံ့ဖြိုးစေခြင်း

ကမ္ဘာလောကကို အပြောင်းအလဲလုပ်လိုတဲ့ ဘယ်သူမဆို သူတကာထက် ကိုယ့်ကိုယ်ကိုယ် နှိမ့်ချပြီး တစ်ဆင့်ချင်းစီ တိုးတက်အောင်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

## ၂။ ပြောင်းလွယ်ပြင်လွယ်ဖြစ်သော အနေအထားဖြင့် ရပ်တည်ပေးပါ။

သင့်ကုမ္ပဏီလုပ်ငန်းတိုးတက်ဖွံ့ဖြိုးရေးအတွက် မာန်မာနထောင်လွှားခြင်း၊ တစ်ဖက် စောင်းနင်းပြောဆို ဆက်ဆံခြင်းတွေကို ရှောင်ကြဉ်ပါ။ ပြောင်းလွယ်ပြင်လွယ်သော သဘောထားဖြင့် ရပ်တည်ပေးပါ။

## ၃။ ပြိုင်ဘက်များအပေါ် တရားနည်းလမ်းကျစွာ အနိုင်ယူနိုင်အောင် ကြိုးစားပါ။

သင့်အနေနဲ့ ဈေးကွက်အသစ်တစ်ခုကို ဖန်တီးနိုင်ဖို့ အမြဲတမ်းကြိုးစားချင်လို့ မရပါဘူး။ သင်က လုပ်ငန်းပြိုင်ဘက်တွေအပေါ် အနိုင်ယူချင်တဲ့အခါမှာလည်း တရားနည်းလမ်းကျစွာ အနိုင်ယူနိုင်အောင် ကြိုးစားပေးပါ။

mgyoe.com

mgyoe.com


**၄။ အရောင်းသွက်ရေးကိုသာ အဓိကမထားဘဲ ထုတ်ကုန်ပစ္စည်းကောင်းဖို့အရေးကိုသာ အဓိကထားပါ။**

အကယ်၍ သင့်ထုတ်ကုန်ပစ္စည်းက ကြော်ငြာအားကောင်းဖို့၊ အရောင်းဈေးသည်ကောင်းတွေရှိထားဖို့ လိုအပ်တယ်ဆိုရင် အကောင်းဆုံးပြည့်စုံအောင် ဖြည့်စွမ်းပေးနိုင်သော်လည်း အမှန်တကယ်လုံလောက်မှု မရှိပါဘူး။

သင့်ထုတ်ကုန်ပစ္စည်းအပေါ် ပြည့်စုံလုံလောက်မှု ရှိလိုတယ်ဆိုရင်တော့ နည်းပညာဆိုင်ရာ လိုအပ်ချက်တွေကို အကောင်းဆုံးဖြည့်စွမ်းပေးရမှာ ဖြစ်ပါတယ်။

ကုမ္ပဏီလုပ်ငန်းများ လက်တွေ့တိုးတက်စေဖို့အတွက် အောက်ပါအချက်တွေကိုလည်း မှတ်သားပေးဖို့လိုအပ်ပါတယ်။

၁။ အရာရာကို အလေးအနက်မထားခြင်းထက် ရဲရင့်စွာ စွန့်စားခြင်းက ပိုမိုကောင်းမွန်ပါလိမ့်မယ်။

၂။ ဘာအစီအစဉ်မှမရှိခြင်းထက် မကောင်းသော အစီအစဉ် တစ်ခုရေးဆွဲထားခြင်းကပိုပြီး ကောင်းမွန်ပါလိမ့်မယ်။

၃။ အပြိုင်အဆိုင်ရှိတဲ့ ဈေးကွက်က အကျိုးအမြတ်တွေကို ဖျက်ဆီးပစ်တတ်ပါတယ်။

၄။ အရောင်းကဏ္ဍအား ထုတ်ကုန်ကဏ္ဍကဲ့သို့ အထူးအလေးထားပေးပါ။

❒

mgyoe.com

mgyoe.com

# အခန်း – ၃

## ကျေနပ်အားရဖွယ်ကောင်းအောင် တိုးတက်သော ကုမ္ပဏီအားလုံးမှာ ကွဲပြားခြားနားမှုတွေ ရှိနေကြပါတယ်

သင်ကိုယ်တိုင်တည်ထောင်သော ကုမ္ပဏီအတွက် ကိုယ်ပိုင်တန်ဖိုးတွေ မြင့်တက်လာအောင် သင်ကိုယ်တိုင်ဖန်တီးနိုင်စွမ်းတွေရှိဖို့ လိုအပ်ပါတယ်။

"ဘယ်သူမှ တည်ဆောက်နိုင်ခြင်း မရှိတဲ့၊ တန်ဖိုးရှိတဲ့ ကုမ္ပဏီဆိုတာ ဘာလဲ?"

မေးခွန်းက လွယ်မယောင်နဲ့ လေးနက်မှုရှိနေတာ တွေ့ရပါတယ်။ သင့်ကုမ္ပဏီကိုယ်တိုင်က တန်ဖိုးတွေမြင့်တက်လာအောင် မလုပ်နိုင်သော်လည်း ကုမ္ပဏီကို တည်ထောင်သူ (သို့) ကုမ္ပဏီကို ဦးဆောင်သူ သင့်အနေနဲ့ ကုမ္ပဏီတန်ဖိုးမြင့်တက်လာစေဖို့ အခွင့်အလမ်းကောင်းတွေကို ဖန်တီးနိုင်စွမ်းရှိပါလိမ့်မယ်။

ကုမ္ပဏီတန်ဖိုးတွေ မြင့်တက်လာအောင် ဖန်တီးခြင်းနဲ့ မလုံလောက်သေးပါက အခြားသောတရားမျှတတဲ့ နည်းလမ်းတွေ၊ မဟာဗျူဟာတွေကို အသုံးချပေးနိုင်ပါတယ်။

တချို့သော ကုမ္ပဏီတွေဟာ လုပ်ငန်းကြီးတွေလုပ်ကိုင်တဲ့ ကုမ္ပဏီတွေ

mgyoe.com

mgyoe.com


ဖြစ်ကြသော်လည်း အားနည်းချက်–ဟာကွက်တွေများလာတဲ့အခါ (သို့) မနိုင်ဝန်ထမ်းတဲ့ အခြေအနေတွေရှိလာတဲ့အခါ တန်ဖိုးမြင့်မားခြင်းတွေ လျော့ကျလာတတ်ပါတယ်။

ဥပမာအနေနဲ့ အမေရိကန်လေကြောင်းလိုင်းကုမ္ပဏီတွေဟာ ခရီးသည်ပေါင်း သန်းချီသော အရေအတွက်ကို ဝန်ဆောင်မှုကောင်းတွေ ပေးခြင်းဖြင့် အကျိုးအမြတ်ငွေ ဒေါ်လာ ဘီလီယံပေါင်းရာနဲ့ချီပြီး နှစ်စဉ်တိုင်းရရှိနေကျဖြစ်ပါတယ်။

သို့သော်လည်း ၂၀၁၂ ခုနှစ်မှာတော့ ခရီးသည်တစ်ဦးစီအတွက် ပျမ်းမျှလေယာဉ်ခဟာ အနည်းဆုံး ဒေါ်လာ ၁၇၈ ဒေါ်လာသာရှိခဲ့ပါတယ်။

Google အနေနဲ့ ၂၀၁၂ ခုနှစ်မှာ ဒေါ်လာ ၅၀ ဘီလျံနှင့် လေကြောင်းလိုင်းတွေအတွက် အလုပ်လုပ်ပေးရခြင်းကြောင့် ဘီလျံ ၁၆၀ ထိ အကျိုးအမြတ်ရရှိခဲ့ပါတယ်။ သို့သော်လည်း ၎င်းရဲ့အမြတ်ငွေထဲမှ ၂၁% ကိုတော့ အမြတ်ခွန်ငွေအဖြစ် ပေးဆောင်ခဲ့ပါတယ်။

Google အနေနဲ့ရရှိတဲ့ အကျိုးအမြတ်ငွေဟာ အမေရိကန်လေကြောင်းလိုင်းတစ်လိုင်းချင်းစီရဲ့ ဝင်ငွေထက် အမြဲတမ်း ၃ ဆကျော်ရရှိနေတာတွေ့ရပါတယ်။

လေကြောင်းလိုင်းကုမ္ပဏီတွေအနေနဲ့ တစ်ဦးနဲ့တစ်ဦး အမြဲတမ်းအပြိုင်အဆိုင်ရှိနေတတ်ပါတယ်။ သို့သော်လည်း Google ကတော့ တစ်ဦးတည်း ပြိုင်ဘက်ကင်းစွာနဲ့ ဆက်လက်ရပ်တည်နိုင်ခဲ့ပါတယ်။

အီကိုနောမစ်မဂ္ဂဇင်းက Google ရဲ့ရပ်တည်းမှုကို ပြိုင်ဘက်ကင်းတဲ့ မိုနိုပိုလီအဖြစ် တင်စားဖော်ပြခဲ့ပါတယ်။

Google ရဲ့ အပြစ်အနာအဆာမဲ့သော ယှဉ်ပြိုင်မှုဟာ ဈေးကွက်အတွင်း ခိုင်မာစွာ နေရာယူထားနိုင်တဲ့အထိ သြဇာကြီးမားခဲ့တာတွေ့ရပါတယ်။

Google ရဲ့တိုးတက်အောင်မြင်မှုဟာ ထောင်လိုက်ပုံစံရှိနေပြီး နည်းပညာဆိုင်ရာ တိုးတက်မှုကို ကိုယ်စားပြုနေတာ တွေ့ရပါတယ်။

တစ်ခုမှမရှိခြင်းကနေ တစ်ခုခုသိရှိခြင်းဖြစ်အောင်အထိ (၀ မှ 1 သို့ ဦးတည်သော) တိုးတက်မှုပုံစံတစ်ရပ်ဖြစ်ပါတယ်။

Google အနေနဲ့ ၂၀၀၀ ခုနှစ် အစောပိုင်းကာလမှစတင်ပြီး မိုက်ခရို

mgyoe.com

mgyoe.com


ဆော့ဖ်ယာဟူး (yahoo) တို့ထက်ပိုပြီး အားသာအောင် လုပ်ဆောင်နိုင်ခဲ့တာ တွေ့ရှိပါတယ်။

## လူအများပြောဆိုနေသော မှသားစကား

စီးပွားရေးလောကမှာ တစ်ဦးနှင့်တစ်ဦး စကားအမှန်ပြောခြင်းထက် လိမ်ညာမှုသားစကားတွေ ပြောဆိုခြင်းကပိုပြီးများနေတာကို တွေ့ရတတ်ပါတယ်။

စီးပွားရေးလောကမှာ ဘယ်လိုစီးပွားရေးသမားတွေက လုပ်ငန်းအတော်များများကို ဘယ်လိုလက်ဝါးကြီးအုပ်ထားတယ် ဘယ်သူတွေကတော့ သန့်ရှင်းမှုတစ္စာနဲ့ ယှဉ်ပြိုင်အနိုင်ယူကြတယ်ဆိုတာကို ကိုယ်တိုင်လေ့လာနိုင်မှသာ အခြေမှန်ကို သိရှိခွင့်ရရှိမှာ ဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းတွေကို အပေါ်ယံအားဖြင့် ကြည့်တဲ့အခါ လုပ်ငန်းအားလုံးရဲ့ထုံးစံအရ လည်ပတ်ပုံတွေက အတူတူပဲလို့ ထင်မှတ်စရာရှိပါတယ်။ သို့သော်လည်း အတွင်းကျကျလေ့လာပါက ဘယ်သူတွေကတော့ ဖြူစင်–မှန်ကန်တဲ့ နည်းလမ်းကိုသုံးပြီး အကောင်းဆုံးယှဉ်ပြိုင်ကြတယ်၊ ဘယ်လိုလူမျိုးတွေကတော့ မသမာတဲ့နည်းလမ်းကို အသုံးပြုပြီး လက်ဝါးကြီးအုပ် အမြတ်ထုတ်လိုကြတယ်ဆိုတာကိုပါ ခွဲခွဲခြားခြား သိမြင်နားလည်သွားမှာ ဖြစ်ပါတယ်။




## စီးပွားရေးဆိုင်ရာ အတွေးအမြင်

ကုမ္ပဏီလုပ်ငန်းအားလုံးက အတူတူသာဖြစ်သည်လို့ ယူဆခြင်းဟာ မှားယွင်းသော အတွေးအမြင်တစ်ခုသာ ဖြစ်ပါတယ်။


ကုမ္ပဏီလုပ်ငန်းများအတွင်း ကြီးမားသော ကွာခြားချက်ကတော့

mgyoe.com

mgyoe.com


အပြစ်အနာအဆာမဲ့စွာ အကောင်းဆုံး ယှဉ်ပြိုင်ခြင်းနှင့် တစ်ဦးတည်းပိုင်ဖြစ်အောင် လက်ဝါးကြီးအုပ် အမြတ်ထုတ်ခြင်းပဲ ဖြစ်ပါတယ်။

အထက်ပါ ပုံစံငယ်အရ လက်ဝါးကြီးအုပ် အမြတ်ထုတ်သော ပုံစံအား မကောင်းသော ပုံစံအဖြစ် ထင်ရှားအောင် ကုမ္ပဏီ B ကို အမည်းရောင်ချယ်ပြီး ဖော်ပြပေးတားပါတယ်။ ကျန်တဲ့ကုမ္ပဏီ A ကတော့ အပြစ်အနာအဆာမဲ့စွာ အကောင်းဆုံးယှဉ်ပြိုင်ခြင်းကို သန့်ရှင်းစွာ လုပ်နိုင်ခဲ့တာကြောင့် အဖြူရောင်အတိုင်း ဖော်ပြပေးထားတာ တွေ့ရပါမယ်။




## လက်တွေ့ဘဝ (အမှန်အတိုင်း တွေ့ကြုံရသော အခြေအနေ)

ကုမ္ပဏီလုပ်ငန်းတွေရဲ့ ကွာခြားမှုတွေက လေးနက်လှပါတယ်။

## လက်ဝါးကြီးအုပ် အမြတ်ထုတ်တဲ့ မိုနိုပိုလီတွေက လိမ်ညာပြောဆိုကြတယ်

မိုနိုပိုလီတွေဟာ သူတို့ကိုယ်သူတို့ ကာကွယ်ဖို့အတွက် လိမ်ညာစကားပြောဆိုတတ်ကြပါတယ်။ သူတို့က သူတို့ရဲ့ပိုင်ဆိုင်မှုစီးပွားတွေကို လူအများက အာရုံစိုက် စိတ်ဝင်စားတာမျိုးကို နှစ်သက်ကြသော်လည်း သူတို့လက်ဝါးကြီးအုပ် ပိုင်ဆိုင်ထားတဲ့စီးပွားဥစ္စာတွေ ဘယ်လောက်အတိုင်းအတာအထိ ရှိတယ်၊ ဘယ်လောက်များတယ်ဆိုတာကိုတော့ ဘယ်သူမှ အတိအကျမသိရအောင် ဖုံးကွယ်ထားလေ့ရှိတတ်ပါတယ်။

Google က သူ့ရဲ့လုပ်ငန်းနဲ့ပတ်သက်ပြီး ဘယ်လိုပြောခဲ့တယ်ဆိုတာကို ပြန်လည်စဉ်းစားကြည့်ပါ။ Google က သူဟာမိုနိုပိုလီဖြစ်ပါတယ်လို့ ဘယ်တော့မှ ထုတ်ဖော်ပြောဆိုကြေငြာခြင်း မရှိတတ်ပါဘူး။

mgyoe.com

mgyoe.com

Google အနေနဲ့ search engine ကို အဓိကထားပြီး လုပ်ငန်းတိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် မေလမှာ search ဈေးကွက်အတွင်း Google ရဲ့ပိုင်ဆိုင်မှုက ၆၈ ရာခိုင်နှုန်းအထိ ရှိလာခဲ့ပြီး သူ့ရဲ့အနီးကပ်ဆုံးပြိုင်ဘက်တွေဖြစ်တဲ့ micro soft က ၁၉ ရာခိုင်နှုန်းနဲ့ yahoo က ၁၀ ရာခိုင်နှုန်းသာ ပိုင်ဆိုင် ခဲ့တာ တွေ့ရပါတယ်။


Google အနေနဲ့ အဓိကအားဖြင့် ကြော်ငြာလုပ်ငန်းကုမ္ပဏီတစ်ခု ဖြစ်ခဲ့ပါတယ်။ Google က နှစ်အပိုင်းအခြားအနည်းငယ်အတွင်း အရာရာကို အပြောင်းအလဲတွေဖြစ်စေခဲ့တယ်။

အမေရိကန် search engine ရဲ့ ကြော်ငြာဈေးကွက်ဟာ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံထိ ဝင်ငွေရှိခဲ့ပြီး အွန်လိုင်းကြော်ငြာအနေနဲ့ ဒေါ်လာ ၃၇ ဘီလီယံနှစ်စဉ်ရရှိခဲ့ပါတယ်။

ဒီတော့ အမေရိကန်ကြော်ငြာလုပ်ငန်း ဈေးကွက်တစ်ခုလုံးရဲ့ ဝင်ငွေက နှစ်စဉ် ဒေါ်လာ ၁၅၀ ဘီလီယံရှိခဲ့ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ ကြော်ငြာလုပ်ငန်းအနေနဲ့ ဒေါ်လာ ၄၉၅ ဘီလီယံရှိခဲ့တာ တွေ့ရပါတယ်။

Google အနေနဲ့ အမေရိကန် search engine ရဲ့ ကြော်ငြာလုပ်ငန်းတစ်ခုလုံးကို လုံးလုံးလျားလျား လက်ဝါးကြီးအုပ်ချုပ်ကိုင်နိုင်မယ်ဆိုရင် ကမ္ဘာလုံးဆိုင်ရာ ကြော်ငြာဈေးကွက်တစ်ခုလုံးရဲ့ ၃.၄ ရာခိုင်နှုန်းကို ပိုင်ဆိုင်နိုင်မှာ ဖြစ်နိုင်ပါတယ်။

Google အနေနဲ့ အရာရာအပြိုင်အဆိုင်ဖြစ်နေတဲ့ ကမ္ဘာမှာ အကောင်းဆုံးသော ယှဉ်ပြိုင်မှုတွေနဲ့ အောင်မြင်စွာ ရပ်တည်နိုင်ခဲ့တာ တွေ့ရပါတယ်။




mgyoe.com

Google အနေနဲ့ နည်းပညာပိုင်းအရ အဘက်ဘက်ကနေပြီး ပြည့်စုံစွာ အောင်မြင်အောင် ပြိုင်ဘက်တွေကို တရားမျှတသော နည်းလမ်းတွေနဲ့ အနိုင်ယူခဲ့ပါတယ်။

Google က အခြားသော ဆော့ဖ်ဝဲထုတ်ကုန် အမျိုးမျိုးကိုလည်း အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ပါတယ်။

အန်းဒရွိုက်ဖုန်းနဲ့ ကွန်ပျူတာတွေကိုလည်း အကောင်းဆုံးအနေအထားနဲ့ ထုတ်လုပ်နိုင်ခဲ့ပါတယ်။

Google ရဲ့ နှစ်စဉ်အားထားရတဲ့ အဓိကဝင်ငွေကို search ကြော်ငြာလုပ်ငန်းကတစ်ဆင့် ရရှိတာတွေ့ရပါတယ်။

အခြားသော ထုတ်ကုန်လုပ်ငန်းတွေအနေနဲ့ ၂၀၁၂ ခုနှစ်မှာ ဒေါ်လာ ၂.၃၅ ဘီလျံထိ ဝင်ငွေရရှိခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်အရ ဒေါ်လာ ၉၆၄ ဘီလျံ အထိ ရရှိခဲ့ပါတယ်။

**အများနှင့်ယှဉ်ပြိုင်ရဲသူစီးပွားရေးလုပ်ငန်းရှင်တွေက လိမ်ညာပြောဆိုကြတယ်။**

လက်ဝါးကြီးအုပ် အမြတ်ထုတ်ခြင်းမရှိဘဲ အများနဲ့ယှဉ်ပြိုင်ရဲတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကလည်း လိမ်ညာပြောဆိုခြင်းတွေ ပြုလုပ်တတ်ကြပါတယ်။ သို့သော်လည်း သူတို့ရဲ့လိမ်ညာပြောဆိုခြင်းတွေက လက်ဝါးကြီးအုပ်အမြတ်ထုတ်သူတွေရဲ့ လိမ်ညာပြောဆိုစကားနဲ့ ဆန့်ကျင်တဲ့ အပြောအဆိုတွေကို ပြောဆိုတတ်လေ့ရှိပါတယ်။

အများနဲ့မှန်ကန်စွာ ယှဉ်ပြိုင်ရဲတဲ့ စီးပွားရေးစွမ်းဆောင်ရှင်တွေဟာ အပြောအဆိုအနေအထိုင် ကျစ်လျစ်ပြီး အရာရာကို အတွင်းကျကျ လေ့လာထားတတ်သူတွေဖြစ်ပါတယ်။

သူတို့ဟာ ယှဉ်ပြိုင်ရခြင်းကို နှစ်သက်ပြီး တရားမျှတစွာနဲ့ ယှဉ်ပြိုင်ရတဲ့ အခြေအနေကို သဘောကျတဲ့သူတွေဖြစ်ပါတယ်။

သင်က စားသောက်ဆိုင်လုပ်ငန်းတစ်ခုကို အစပြုလုပ်ကိုင်မယ်ဆိုရင်… သင့်ဘက်က အခြားလုပ်ငန်းတူတွေနဲ့ အဘက်ဘက်က ယှဉ်ပြိုင်နိုင်တဲ့ အခြေအနေဖြစ်အောင် ကြိုတင်ပြင်ဆင်ထားရမှာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com


အများနဲ့ယှဉ်ပြိုင်ရတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေဖြစ်သလို... အပြော အဆို အနေအထိုင်ကလည်း တခြားဘယ်သူတွေကမှ အပေါ်ယံကြည့်ပြီး ဆုံးဖြတ်လို့မရအောင် သေသပ်ကျစ်လျစ်ကြတာကြောင့် ဘယ်လောက် အတိုင်းအတာထိ လုပ်ငန်းတွေအောင်မြင်ပြီး နှစ်စဉ်ဝင်ငွေ ဘယ်လောက်ရ တယ်ဆိုတာကအစ ဘယ်သူမှ ခန့်မှန်းလို့မရတဲ့အထိ ဖြစ်ခဲ့ပါတယ်။

## အန္တရာယ်များပြီး အကျိုးအမြတ်နည်းသောလုပ်ငန်းကိုလုပ်ကိုင်ခြင်း

မှန်ကန်သောနည်းလမ်းနဲ့ ယှဉ်ပြိုင်လုပ်ကိုင်ရသော လုပ်ငန်းရှင်တွေ အတွက် တစ်ခါတစ်ရံ စွန့်စားမှုတွေရှိတတ်ပြီး အကျိုးအမြတ်ကလည်း နည်းပါးနေတတ်ပါတယ်။

သင်က တောင်တန်းဒေသ သဘာဝရှုခင်းတွေကို ကြည့်နိုင်မယ့် တောင်ထိပ်တစ်နေရာမှာ စားသောက်ဆိုင်တစ်ဆိုင်ဖွင့်ဖို့ စဉ်းစားတယ်ဆိုပါ တော့။ တောင်ပေါ်ကို စားသောက်ဆိုင်ပစ္စည်းတွေ သယ်ယူပို့ဆောင်တဲ့စရိတ် နဲ့ အလုပ်သမားစရိတ်တွေ ကြီးမြင့်နေသည့်တိုင် သင်က လာရောက်တဲ့ စားသောက်သူဧည့်သည်တွေအပေါ်မှာ အကျိုးအမြတ်များစွာ ရယူလို့လည်း မဖြစ်ပါဘူး။ ဒီအခါသင်က ရေရှည်တောင့်ခံနိုင်ဖို့နဲ့ မိတ်များများရလာဖို့ အတွက် အကောင်းဆုံးကြိုးစားရတော့မှာ ဖြစ်ပါတယ်။

## လက်ဝါးကြီးအုပ် အမြတ်ထုတ်သောအရင်းရှင်းစနစ်

လက်ဝါးကြီးအုပ် အမြတ်ထုတ်သောအရင်းရှင်စနစ်ဟာ မကောင်း သတင်းနဲ့ကျော်ကြားလေ့ရှိပါတယ်။

အရင်းရှင်စနစ်ရဲ့ အခြေခံသဘာဝအရ သင့်ရဲ့ရောင်းကုန်ပစ္စည်းတွေ ကို တစ်ခါတည်းပိုင်ဖြစ်အောင် အကုန်လုံးချုပ်ကိုင်ထားနိုင်တဲ့အခါ ပစ္စည်း ဝယ်ယူလိုသူတိုင်းက သင်တစ်ဦးတည်းပိုင်ပစ္စည်းတွေကို သင့်ဆီကသာ ဝယ်ယူကြရပါလိမ့်မယ်။ သင်က တစ်ဦးတည်း ချုပ်ကိုင်လက်ဝါးကြီးအုပ် ထားနိုင်တာကြောင့် သင့်ရောင်းကုန်ပစ္စည်းကို သင့်စိတ်ကြိုက်ဈေးနဲ့ ရောင်းချ နိုင်ပြီး မတန်တဆသော အမြတ်ငွေတွေကို ရရှိပါလိမ့်မယ်။

အရင်းရှင်စနစ်ကို လေ့လာတဲ့အခါ ရှေးခေတ်အရင်းရှင်စနစ်ကာ

mgyoe.com

mgyoe.com

အထက်ပါလက်ဝါးကြီးအုပ်အမြတ်ထုတ်သော အခြေအနေတွေ များစွာ ရှိနေပြီး ယနေ့ကာလအရင်းရှင်စနစ်မှာတော့ ဖန်တီးနိုင်စွမ်းတွေ ပြည့်ဝစွာ ပါရှိနေတာ တွေ့ရပါတယ်။

ဖန်တီးနိုင်စွမ်းတွေ ပြည့်ဝစွာပါရှိနေတဲ့ ခေတ်သစ်အရင်းရှင်စနစ်မှာ ဖောက်သည်တွေအတွက် ရွေးချယ်မှုတွေ ပိုမိုအခွင့်အရေးများနေတတ်ပြီး ကမ္ဘာအရပ်ရပ်ကလာသော ထုတ်ကုန်ပစ္စည်းအမျိုးအစားတစ်ခုစီအလိုက် စိတ်ကြိုက်ရွေးချယ်မှုတွေ လုပ်ပေးနိုင်ပါတယ်။

တကယ်တော့ ဖန်တီးနိုင်စွမ်းတွေပါရှိတဲ့ အရင်းရှင်စနစ်ကလည်း လူနည်းစုကိုသာ ကောင်းကျိုးပြုပြီး ကျန်ရှိသော လူမှုအသိုင်းအဝန်းအတွက် ကိုယ်စားပြုခြင်းမရှိတတ်ပါဘူး။ ယနေ့ကာလနည်းပညာဈေးကွက်မှာ မိုဘိုင်း ဆော့ဖ်ဝဲဒီဇိုင်းတွေကို အကောင်းဆုံးပုံစံဖြစ်အောင် အပြိုင်အဆိုင်ထုတ်လုပ်လာကြပြီး ၎င်းနည်းပညာကုမ္ပဏီတွေထဲက Apple ကတော့ ဒီဇိုင်းထုတ်ခြင်း၊ ဆော့ဖ်ဝဲထုတ်လုပ်ခြင်း၊ အိုင်ဖုန်းဈေးကွက်ရှာခြင်းတွေအတွက် အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့တာကြောင့် အကျိုးအမြတ်များစွာရရှိတဲ့အထိ ဈေးကွက်မှာ လက်ဝါးကြီးအုပ်ထားနိုင်ခဲ့ပါတယ်။

Apple ရဲ့ iphone ထုတ်လုပ်နိုင်စွမ်းက ဖန်တီးနိုင်စွမ်းမြင့်မားခြင်း သဘောကို ထင်ဟပ်စေပြီး အကျိုးအမြတ်များစွာကို ရရှိစေခဲ့ပါတယ်။

Apple ရဲ့ထင်ရှားသောပြယုဂ်တစ်ခုဖြစ်တဲ့ iphone အရည်အသွေး မြင့်မားခြင်းက ကမ္ဘာ့ဈေးကွက်မှာ ဈေးနှုန်းအမြင့်ဆုံးအထိ သတ်မှတ်ရောင်းချသည့်တိုင် ဖောက်သည်တွေအားလုံးက ထိုက်တန်သော ပစ္စည်းအရည်အသွေးအတွက် ထိုက်တန်သော ဈေးနှုန်းပေးရခြင်းအပေါ် ကျေနပ်တဲ့ တုံ့ပြန့်မှုတွေ ပြန်ပေးခဲ့တာ တွေ့ရပါတယ်။

မိုဘိုင်းဖုန်းဟန်းဆက်နဲ့ ဆော့ဝဲထုတ်လုပ်မှုများ သမိုင်းကို လေ့လာတဲ့အခါ Apple ရဲ့ ios ကရှေ့တန်းမှာရောက်ရှိနေပြီး၊ microsoft ကတော့ ဆယ်စုနှစ်ပေါင်းများစွာကတည်းက တီထွင်နိုင်ခဲ့တဲ့ အော်ပရေးတင်းန် စစ်ဆတန် (operating system) နဲ့ ဆက်လက်ရပ်တည်ခဲ့တာ တွေ့ရပါ တယ်။

မိုက်ခရိုဆော့ဖ် မတိုင်ခင် နှစ်များစွာမှာတုန်းက IBM ကုမ္ပဏီဟာ

mgyoe.com


ဟာတ်ဒ်ဝဲထုတ်လုပ်မှုနဲ့ပတ်သက်ပြီး လက်ဝါးကြီးအုပ်ထားနိုင်ခဲ့သော်လည်း ၁၉၆၀ ခုနှစ်များနဲ့ ၁၉၇၀ ခုနှစ်များကာလမှာတော့ မိုက်ခရိုဆော့ဖ် ဆော့ဖ်ဝဲကုမ္ပဏီရဲ့ မိုနိုပိုလီလုပ်ခြင်းကို စတင်တွေ့ကြုံ ခံစားခဲ့ရပါတယ်။

AT&T ကုမ္ပဏီကတော့ တယ်လီဖုန်းဆားဗစ်လုပ်ငန်းတွေမှာ ၂၀ ရာစုကာလတစ်လျှောက် လက်ဝါးကြီးအုပ်ထားနိုင်ခဲ့ပြီး ယနေ့ကာလမှာတော့ ပရိုဗိုက်တာပေါင်းများစွာထံမှ စျေးနှုန်းချိုသာသော ဆဲလ်ဖုန်းပလန်တွေကို ဘယ်သူမဆို ဝယ်ယူရရှိနိုင်ပြီဖြစ်ပါတယ်။

လက်ဝါးကြီးအုပ်အမြတ်ထုတ်သော အရင်းရှင်စနစ်ဖြစ်စေ၊ ဖန်တီးနိုင်စွမ်းတွေ ယှဉ်ပြိုင်တဲ့အရင်းရှင်စနစ်ဖြစ်စေ တစ်ဖက်မှာ တိုးတက်မှု အရှိန်အဟုန်မြင့်မားစေတတ်သလို တစ်ဖက်မှာလည်း နေ့ချင်းညချင်းကျရှုံးသွားနိုင်တဲ့ အန္တရာယ်ရှိသော အခြေအနေတွေကို ဖန်တီးတတ်လေ့ရှိပါတယ်။ လက်ဝါးကြီးအုပ် အရင်းရှင်စနစ်အနေနဲ့ အားနည်းချက်တချို့ရှိနေသော်လည်း ယနေ့ကာလအထိ စီးပွားရေးတိုးတက်အောင်မြင်မှုအတွက် အဘက်ဘက်က ကြိုးစားဆောင်ရွက်ရာမှာ အထိရောက်ဆုံးဖြစ်နေတာကြောင့် အကျိုးရှိရှိဆက်လက်အသုံးချနိုင်ဖို့သာ အဓိကလိုအပ်ပါလိမ့်မယ်။

❒

mgyoe.com

mgyoe.com

# အခန်း – ၄
## ယှဉ်ပြိုင်မှုနဲ့ပတ်သက်သော အတွေးအမြင်စနစ်

ဖန်တီးနိုင်စွမ်းပါသော လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ဆိုတာဟာ လူတိုင်းအတွက် အကျိုးရှိသော ထုတ်ကုန်ပစ္စည်းအသစ်၊ အဟောင်းမှန်သမျှကို တစ်ဦးတည်းပိုင်အဖြစ် ချုပ်ကိုင်ပြီး ဖန်တီးနိုင်သူအတွက် ရေရှည်အကျိုးအမြတ်တွေရရှိအောင် ဆက်လက်ထိန်းသိမ်းထားနိုင်စွမ်းရှိတဲ့ စနစ်ကို ဆိုလိုပါတယ်။

ယှဉ်ပြိုင်မှုဆိုတာကတော့ ဘယ်သူ့ဆီကမှ အမြတ်အစွန်းရရှိဖို့ မရည်ရွယ်ဘဲ ပြိုင်ဘက်ကိုကျရှုံးအောင် အလဲထိုးပြီး ဆက်လက်ရှင်သန်နိုင်အောင် ရုန်းကန်–ရပ်တည်နိုင်တဲ့သဘောကို ရည်ညွှန်းပါတယ်။

ဒီတော့ သင့်အနေနဲ့ တစ်ဦးတည်းပိုင်ချုပ်ကိုင်နိုင်စွမ်းရှိတဲ့ စနစ်ကို အသုံးပြုမှာလား ? ယှဉ်ပြိုင်တဲ့စနစ်ကို အသုံးပြုမှာလား ? ဆိုတာကို သေချာစွာ စိစစ်ရွေးချယ်နိုင်ဖို့ လိုလာပါတယ်။

ယှဉ်ပြိုင်ခြင်း သက်သက်ကိုသာ အသုံးချမယ်ဆိုရင်... စီးပွားရေးဆိုင်ရာ အတွေးအမြင်တွေများစွာ မလိုအပ်ပါဘူး။ သို့သော်လည်း ယှဉ်ပြိုင်ခြင်းသဘောထဲမှာ အတွေးအမြင်စနစ်တွေ တစ်ခါတည်းပါရှိနေပြီးဖြစ်တာကို သတိပြုပါ။

mgyoe.com

mgyoe.com


ကျွန်ုပ်တို့က ယှဉ်ပြိုင်ခြင်းတစ်ခုကို လုပ်တော့မယ်ဆိုရင် ယှဉ်ပြိုင်ခြင်းနဲ့ ပတ်သက်တဲ့ အတွေးအမြင်တွေ ထိုက်သင့်စွာရှိထားဖို့ လိုအပ်ပါတယ်။တစ်ခါတစ်ရံ ကျွန်ုပ်တို့ဘက်က ယှဉ်ပြိုင်မှုတွေ ပိုမိုလုပ်လေ... ကျရှုံးမှုတွေ များများရလေဖြစ်တတ်တာကို သတိပြုပါ။

ယနေ့ကာလရဲ့ ပညာရေးအခြေအနေကို တစေ့တစောင်းလေ့လာကြည့်တဲ့အခါ ယှဉ်ပြိုင်ခြင်းစနစ်နဲ့ ထိရောက်စွာ သွားနေတာကို တွေ့ရမှာဖြစ်ပါတယ်။

ပညာရေးမှာ ယှဉ်ပြိုင်ခြင်းစနစ်ကြောင့် ကျောင်းသားတွေ အမှတ်ကောင်းကောင်းဖြင့် အောင်မြင်လာတဲ့အခါ စီမံခန့်ခွဲမှုပညာရပ်တွေ၊ စီးပွားရေးပညာရပ်တွေကို သင်ကြားနိုင်ခြင်းကြောင့် နောင်အခါ စီးပွားရေးရာအတိုင်ပင်ခံတွေ၊ ဘဏ်လုပ်ငန်းရှင်တွေ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို ဦးဆောင်နိုင်သူတွေ ဖြစ်လာကြပါတယ်။

စာရေးသူ ကျွန်တော်ငယ်စဉ်က ကျွန်တော်နောင်တစ်ချိန် ဘာလုပ်ချင်တယ်ဆိုတဲ့ မေးခွန်းကို ကျွန်တော့်ကိုယ်ကျွန်တော် မေးမြန်းခဲ့ဖူးပါတယ်။ ကျွန်တော် အခြေခံပညာအောင်ပြီးနောက် ၄ နှစ်အကြာမှာ စတန်းဖို့ဒ် တက္ကသိုလ်ကို ဒုတိယနှစ်ကျောင်းသားအဖြစ် တက်ရောက်ပညာသင်ကြားခွင့်ရရှိခဲ့ပါတယ်။ နောက်တော့ စတန်းဖို့ဒ်ရဲ့ ဥပဒေကျောင်းကို တက်ရောက်ဖို့ စာရင်းသွင်းနိုင်ခဲ့ပြီး အောင်မြင်မှုရရှိတဲ့အထိ ပညာဆက်လက်သင်ယူနိုင်ခဲ့ပါတယ်။

နောက်ပိုင်းမှာ ကျွန်တော်ဟာ တရားရုံးရဲ့မှတ်တမ်းရေးရာထူးနေရာအတွက် အင်တာဗျူးလုပ်ဖို့ဖိတ်ခေါ်ကမ်းလှမ်းခံခဲ့ရပါတယ်။

ကျွန်တော်က အလုပ်ရခဲ့ရင် တရားသူကြီး ကန်နက်ဒီနဲ့ တရားသူကြီး စကာလီယာတို့နဲ့အတူ အလုပ်တွဲလုပ်ရမှာပေါ့။

တရားသူကြီးနှစ်ယောက်နဲ့ ကျွန်တော်တွေ့ဆုံတဲ့အခါ အဆင်ပြေတဲ့ ဆက်ဆံရေးကို ရရှိခဲ့ပါတယ်။

၂၀၀၄ ခုနှစ်မှာ ဥပဒေသင်တန်းကျောင်းက ကျွန်တော့်ရဲ့သူငယ်ချင်းဟောင်းတွေနဲ့ တွဲဖက်ပြီး ဥပဒေဆိုင်ရာအသိပညာ၊ အတတ်ပညာတွေကို ဆက်လက်သင်ယူခဲ့ပါတယ်။

mgyoe.com

mgyoe.com

ကျွန်တော့်အနေနဲ့ အရာရာမှာ ယှဉ်ပြိုင်ခြင်းတွေရှိနေပြီး ယှဉ်ပြိုင်မှုနဲ့ ပတ်သက်သော အတွေးအမြင်စနစ်တွေကို ဘယ်လိုအသုံးချရမယ်ဆိုတာက အစ သေချာစွာ နားလည်ခဲ့ပါတယ်။ ယှဉ်ပြိုင်မှုတွေဟာ အရာရာတိုင်းမှာရှိနေပြီး တရားမျှတစွာ ယှဉ်ပြိုင်ခြင်းတွေနဲ့သာ အနိုင်ယူတတ်ဖို့အမိကလိုအပ်ပါတယ်။

## စစ်ပွဲများနှင့် ငြိမ်းချမ်းရေး

လူတွေက ဘာကြောင့် တစ်ဦးနဲ့တစ်ဦးယှဉ်ပြိုင်ကြရတာလဲ?

ပဋိပက္ခပြဿနာအရပ်ရပ်ကို လေ့လာကြည့်တဲ့အခါ အပြိုင်အဆိုင်ယှဉ်ပြိုင်မှုတွေကနေ စတင် သန္ဓေတည်တာကို တွေ့ရှိရပါတယ်။

မာ့စ်နဲ့ ရှိတ်စပီးယားတို့က လူသားအချင်းချင်းတို့အကြား ဖြစ်ပေါ်တဲ့စစ်ပွဲတွေရဲ့ အရင်းခံအကြောင်းကို တစ်ယောက်တစ်မျိုးစီဖြစ်သော ကိုယ်ပိုင်အမြင်တွေနဲ့ အခုလိုထုတ်ဖော်ပြောဆိုခဲ့ကြပါတယ်။

မာ့စ်ရဲ့အဆိုအရ လူတွေက တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အပြန်အလှန်ယှဉ်ပြိုင်တိုက်ခိုက် စစ်ပွဲဆင်ကြတာဟာ မတူကွဲပြားမှုတွေကြောင့် အခြေခံပြီးဖြစ်ပေါ်တာလို့ သိရပါတယ်။

ပစ္စည်းမဲ့လူတန်းစားတွေက ချမ်းသာကြွယ်ဝတဲ့ အရင်းရှင်လူတန်းစားတွေကို တိုက်ခိုက်တယ်။

အကြောင်းကတော့ ပစ္စည်းမဲ့လူတန်းစား (အခြေခံလူတန်းစား) တွေရဲ့ စဉ်းစားတွေးခေါ်မှုပုံစံနဲ့ ချမ်းသာကြွယ်ဝတဲ့အရင်းရှင်လူတန်းစားတွေရဲ့ စဉ်းစားတွေးခေါ်မှုပုံစံတွေက အဘက်ဘက်မှာ ကွဲပြားကြတာကြောင့်လို့ ဆိုပါတယ်။ ဒီအခါ ပစ္စည်းမဲ့လူတန်းစားတွေရဲ့ ဆင်းရဲကျပ်တည်းမှုတွေနဲ့ ချမ်းသာကြွယ်ဝတဲ့ အရင်းရှင်လူတန်းစားတွေအကြား ဘဝနေထိုင်မှုပုံစံတွေ ကွာဟလေ… ပဋိပက္ခတွေက ပိုမိုမြင့်တက်လေဖြစ်လာပါလိမ့်မယ်။

ရှိတ်စပီးယားရဲ့အဆိုကတော့ မာ့စ်ရဲ့အဆိုနဲ့ သိသာစွာ ကွဲပြားလျက်ရှိပါတယ်။ ရှိတ်စပီးယားရဲ့ ပြဇာတ်အရ ရိုမီယိုနဲ့ ဂျူးလီယက်စ်တို့ရဲ့ နောက်ခံမိဘအသိုင်းအဝိုင်းဟာ တစ်ဖက်နှင့်တစ်ဖက် သိသာစွာ ကွာဟမှု မရှိတာတွေ့ရပါတယ်။ မိဘမျိုးရိုးဂုဏ်သိက္ခာအရရော၊ ချမ်းသာကြွယ်ဝမှု ပုံစံအရ

mgyoe.com

mgyoe.com


ရော၊ အဆောင်အယောင်များစွာ ပိုင်ဆိုင်မှုတွေကရော တစ်ဖက်နှင့်တစ်ဖက် ကွာဟမှုမရှိပါဘူး။ ဒါပေမဲ့ ရိုမီယိုရဲ့အိမ်နဲ့ ဂျူးလီးယက်စ်တို့အိမ်က အပြန် အလှန် အမုန်းတွေပွားခဲ့ကြတယ်။

တစ်ဖက်နဲ့တစ်ဖက် သူမသာ–ကိုယ်မသာဖြစ်နေတဲ့ အခြေအနေကို နှစ်ဖက်စလုံးက မနှစ်မြို့ကြဘူး။ တစ်ဖက်ဖက်က သူတို့သာ အသာဆုံး၊ အမြတ်ဆုံးဖြစ်ချင်တဲ့ စိတ်တွေ လွှမ်းမိုးနေလို့သာ အခုလိုရန်ငြိုးဖွဲ့ခဲ့တာ ဖြစ်ပါတယ်။ လောကမှာ ငြိမ်းချမ်းရေးရလိုခြင်းအတွက် စစ်ပွဲတွေဖြစ်ပွား နေရတယ်ဆိုသော်လည်း စစ်ပွဲအကြိမ်ကြိမ်ဖြစ်ပွားရခြင်းကြောင့် ငြိမ်းချမ်းရေး အကြိမ်ကြိမ်ရရှိဖို့က မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ငြိမ်းချမ်းစွာနဲ့ ယှဉ်ပြိုင် သောပုံစံကိုသာ လူတိုင်းအသုံးချနိုင်မယ်ဆိုရင် လူ့အဖွဲ့အစည်းအတွင်း အစဉ် သဖြင့် စစ်မှန်သော ငြိမ်းချမ်းရေးက ခိုင်မြဲနေမှာ ဖြစ်ပါတယ်။

❒


mgyoe.com

mgyoe.com

# အခန်း – ၅
## ငွေကြေးစီးဆင်းမှုကို ပြသသောပုံစံ

စီးပွားရေးလောကမှာ ပြိုင်ဘက်ကင်းစွာနဲ့ အနိုင်ရလာတဲ့အခါ တစ်ဦးတည်း လက်ဝါးကြီးအုပ်နိုင်တဲ့ မိုနိုပိုလီဖြစ်လာပြီး အနာဂတ်ကာလ အထိပါ စီးပွားဥစ္စာတွေ ဆက်လက်ပိုင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။

နယူးယော့ခ်တိုင်းမ်ကုမ္ပဏီနဲ့ တွစ်တာကုမ္ပဏီတို့၏တန်ဖိုးတွေကို နှိုင်းယှဉ်လေ့လာကြည့်တဲ့အခါ ကုမ္ပဏီတစ်ခုစီက ထောင်နှင့်ချီသော ဝန်ထမ်းတွေကို ခန့်အပ်ထားပြီး တွစ်တာက ပိုင်ဆိုင်မှုတန်ဖိုးငွေ ဒေါ်လာ ၂၄ ဘီလျံ (၂၀၁၃ ခုနှစ်) နှင့် နယူးယော့ခ်တိုင်းမ်က တန်ဖိုးငွေ ၁၃၃ မီလျံ **(၂၀၁၂ ခုနှစ်) ထိရှိခဲ့ပါတယ်။**




စာမျက်နှာ ၄၅ ပါ နမူနာပုံကြမ်းအရ ငွေကြေးစီးဆင်းမှု (cash

mgyoe.com

mgyoe.com

flow) အနည်း–အများ/ အနိမ့်အမြင့်ဟာ စီးပွားရေးလုပ်ငန်း များ တိုးတက်ဖွံ့ဖြိုးမှုနှင့် တိုးတက်မှုလျော့ကျနေသော အခြေအနေတို့အကြား ကွာခြားချက်တွေကို သိသာအောင် ဖော်ပြပေးလေ့ရှိပါတယ်။

**စီးပွားကျဆင်းနေသောလုပ်ငန်း၏ ငွေကြေးစီးဆင်းမှုကိုပြသောပုံ**
**နည်းပညာကုမ္ပဏီ (LINKEDIN) ၏ ငွေကြေးစီးဆင်းမှုကိုပြသောပုံ**

LinkedIn နည်းပညာကုမ္ပဏီရဲ့ အစောပိုင်းကာလလုပ်ငန်းအခြေအနေတွေဟာ တိုးတက်ကောင်းမွန်လာပြီး နောက်ပိုင်းမှာလည်း ငွေကြေးစီးဆင်းမှုတွေ ဆက်လက်မြင့်တက်လာမှာဖြစ်ပါတယ်။

**တစ်ဦးတည်းပိုင် မိုနိုပိုလီစနစ်၏ထူးခြားချက်များ**

တစ်ဦးတည်း ပိုင်ဆိုင်အောင်လုပ်သော မိုနိုပိုလီစနစ်တိုင်းမှာ ကိုယ်ပိုင်ထူးခြားချက်တွေရှိနေကြပါတယ်။

မိုနိုပိုလီစနစ်ထဲမှာ နည်းပညာပိုင်ဆိုင်မှု၊ ဆက်သွယ်ရေးဆိုင်ရာကွန်ရက်တို့၏ အကျိုးသက်ရောက်မှု၊ စီးပွားရေးအရ ချိန်ခွင်လျှာချိန်ညှိခြင်း၊ ကုန်အမှတ်တံဆိပ်သတ်မှတ်ခြင်းဆိုတဲ့ ထူးခြားချက် အမျိုးမျိုးပါဝင်ပေါင်းစပ်လျက်ရှိနေတာတွေ့ရပါတယ်။

သင့်အတွက် အဆိုပါ ထူးခြားချက်တစ်ခုဆီက ဘယ်လိုအကျိုးသက်ရောက်မှုကောင်းတွေပေးနိုင်ပြီး အဲဒီထူးခြားချက်တစ်ခုစီကို ရေရှည်တည်မြဲအောင် ဘယ်လိုလုပ်ရမယ်ဆိုတာကို အောက်ပါအတိုင်း လေ့လာပေးနိုင်ပါတယ်။

**၁။ နည်းပညာပိုင်ဆိုင်မှု**

သင့်ကုမ္ပဏီအတွက် နည်းပညာပိုင်ဆိုင်မှုဟာ ရေရှည်စီးပွားရေးအတွက် ထိရောက် အားသာချက်တွေကိုဖြစ်စေပြီး သင့်ထုတ်ကုန်ပစ္စည်းအားပြိုင်ဘက် ကုမ္ပဏီတို့က မသမာသောနည်းလမ်းဖြင့် ပုံတူကူးယူ–ထုတ်လုပ်ခြင်း အလွယ်တကူ မလုပ်နိုင်အောင် ကာကွယ်ပြီးသားဖြစ်စေပါတယ်။

၂၀၀၀ ခုနှစ် အစောပိုင်းကာလအတွင်း Google ရဲ့ ကိုယ်ပိုင်နည်း

mgyoe.com

mgyoe.com


ပညာပိုင်ဆိုင်မှုတွေကို သားကင်းလုံခြုံသော အစီအမံတွေနဲ့ ထားရှိနိုင်ခဲ့တာကြောင့် ဘယ်ကုမ္ပဏီကမှ တုပထုတ်လုပ်နိုင်စွမ်းမရှိခဲ့တာကို နမူနာကောင်းအဖြစ် တွေ့ရှိရပါတယ်။

## ၂။ ဆက်သွယ်ရေးဆိုင်ရာကွန်ရက်တို့၏ အကျိုးသက်ရောက်မှု

ဆက်သွယ်ရေးဆိုင်ရာ ကွန်ရက်တို့၏ အကျိုးသက်ရောက်မှုကောင်းတွေကြောင့် ထုတ်ကုန်ပစ္စည်းအတွက် သားကင်းလုံခြုံမှုကို ဖြစ်စေပါတယ်။ သင့်ထုတ်လုပ်ပစ္စည်းက ဈေးကွက်အတွင်း နေရာယူထားနိုင်သော အခြေအနေနည်းပါးနေသည့်တိုင် ဆက်သွယ်ရေးဆိုင်ရာ ကွန်ရက်တွေရဲ့ ထိရောက်သောအကူအညီပေးမှုကြောင့် နောက်ပိုင်းမှာ ဈေးကွက်အတွင်း နေရာယူနိုင်သော နယ်ပယ်ကျယ်ဝန်းလာမှာ ဖြစ်ပါတယ်။

facebook ကိုတည်ထောင်သူ ဟားဗတ်ကျောင်းသား 'မာ့ခ်ဇူကာဘတ်ဂ်" ဟာ စီးပွားရေးလုပ်ငန်းတွေကို ထိရောက်သောအကျိုးသက်ရောက်မှုပေးနိုင်တဲ့ ဆက်သွယ်ရေးဆိုင်ရာ ကွန်ရက်ကြီးတစ်ခုကို အောင်မြင်စွာ ဖန်တီးတည်ထောင်နိုင်ခဲ့သူတစ်ယောက်ဖြစ်ပါတယ်။

## ၃။ စီးပွားရေးအရ ချိန်ခွင်လျှာချိန်ညှိခြင်း

တစ်ဦးတည်းပိုင် မိုနိုပိုလီစနစ်ဖြင့် သွားနေသောလုပ်ငန်းတွေက တစ်စထက်တစ်စ တိုးတက်ကြီးပွားလာပြီး ထုတ်ကုန်ပစ္စည်းတစ်ခု ထုတ်လုပ်မှုအတွက် ကုန်ကျစရိတ်ကိုလည်း ပုံသေသတ်မှတ်ထားတတ်ကြပါတယ်။ နောက်ပြီး ထုတ်ကုန်အရည်အသွေးကောင်းမွန်စေဖို့ အမြဲတမ်းအာရုံစိုက်တတ်ပြီး ဈေးကွက်အတွင်း အခြားသော ပြိုင်ဘက်တွေနည်းတူ ရေရှည်နေရာယူထားနိုင်အောင် ကြိုးစားတတ်ကြပါတယ်။

စီးပွားရေးလုပ်ငန်းအများစုအနေနဲ့ အားသာချက်တွေ အမြဲတမ်းတည်မြဲနေစေဖို့ ထိန်းချုပ်ထားတတ်ပြီး တစ်ဦးတည်း မူပိုင်လက်ဝါးကြီးအုပ်နိုင်ဖို့ ကြိုးစားတတ်ကြပါတယ်။

အကယ်၍ သင်က ယောဂကျင့်စဉ်လုပ်ဖို့ စတူဒီယိုတစ်ခုကို ပိုင်ဆိုင်တယ်ဆိုရင် ဖောက်သည်ကောင်းတွေ တိုးတက်ရရှိလာစေဖို့ သင့်တင့်ကောင်း

mgyoe.com

mgyoe.com

မွန်တဲ့ ဝန်ဆောင်မှုတွေ လုပ်ပေးနိုင်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ သင်က ကောင်းမွန်ပြည့်စုံတဲ့ ယောဂစတူဒီယိုတစ်ခုဖြစ်လာအောင် လုပ်ငန်းကိုဦးဆောင်လည်ပတ်ပေးနိုင်မယ့် နည်းပြဆရာတွေများစွာ ငှားရမ်းထားရမှာဖြစ်ပြီး လူအများသွားလာရေးအဆင်ပြေမယ့်တည်နေရာမှာ ရှိနေဖို့အတွက်လည်း အကောင်းဆုံးစီစဉ်ထားဖို့ လိုအပ်ပါတယ်။

သင့်ရဲ့စီးပွားရေးလုပ်ငန်းကို တစ်စထက်တစ်စ ပိုမိုတိုးတက်စေချင်တယ်ဆိုရင် လုပ်ငန်းလိုအပ်ချက်တွေကို သေချာစွာ လေ့လာပြီး လိုအပ်သလိုချိန်ညှိမှုတွေ တောက်လျှောက်လုပ်ပေးရပါလိမ့်မယ်။ စီးပွားရေးမှာသူတကာထက်သာလွန်ပြီး အမြဲတစေတစ်ဦးတည်းပိုင်ဖြစ်အောင် လုပ်ချင်တယ်ဆိုရင် သူတကာထက်ပိုမိုသာလွန်စွာ ကြိုးစားဖို့လိုပြီး လူတကာမသိနိုင်၊ ရှာမတွေ့နိုင်သေးတဲ့ စီးပွားရေးဆိုင်ရာ အားသာချက်၊ အားနည်းချက်တွေကို လက်ဦးမှုရယူစီမံခန့်ခွဲနိုင်ဖို့ လိုပါတယ်။

## ၄။ ကုန်အမှတ်တံဆိပ်သတ်မှတ်ခြင်း

သင်က ဘယ်လိုထုတ်ကုန်လုပ်ငန်းမျိုးကို လုပ်သည်ဖြစ်စေ ကိုယ်ပိုင်ကုန်အမှတ်တံဆိပ်တစ်ခုရှိရမှာဖြစ်ပြီး ထူးခြားထင်ရှားတဲ့ အဓိပ္ပာယ်ကိုပါသတ်မှတ်ရမှာ ဖြစ်ပါတယ်။

သင့်ကုန်အမှတ်တံဆိပ်က ခိုင်မာမှုရှိတယ်ဆိုရင် တစ်ဦးတည်း မူပိုင်အဖြစ် ရပ်တည်နိုင်မယ့်အခွင့်အရေးတွေကလည်း များပြားနေမှာဖြစ်ပါတယ်။

ယနေ့ကာလနည်းပညာဆိုင်ရာ နာမည်ကြီးကုန်အမှတ်တံဆိပ်တစ်ခုကတော့ Apple ဖြစ်ပါတယ်။

Apple ရဲ့ ထုတ်ကုန်ဖြစ်သော ဆက်သွယ်ရေးမီဒီယာပစ္စည်းတွေဟာ အရည်အသွေးမြင့်မားသလောက် ဖောက်သည်တွေရဲ့စိတ်ကိုလည်း ဆွဲဆောင်နိုင်တဲ့ အသွင်အပြင်ရှိနေတာ တွေ့ရပါတယ်။

ဥပမာအနေနဲ့ "iphone" နဲ့ "macBook" တို့ဟာ အမြင်အရ ဆွဲဆောင်မှုကောင်းသလောက် စွမ်းဆောင်ရည်နဲ့ အရည်အသွေးတွေကလည်း မြင့်မားကြတာ တွေ့ရပါတယ်။

Apple အနေနဲ့ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ဖောက်သည်တွေရဲ့ ဝယ်လို

mgyoe.com

mgyoe.com


အားကို အမြဲတမ်းထိန်းချုပ်နိုင်စွမ်းရှိပြီး ဖောက်သည်တွေ စိတ်ကျေနပ်လောက်တဲ့ ဝန်ဆောင်မှုပေးခြင်းတွေကိုလည်း စဉ်ဆက်မပြတ်လုပ်ပေးလျက်ရှိတာ တွေ့ရပါတယ်။

Apple ရဲ့ ကောင်းခြင်းအခြေအနေ အမျိုးမျိုးဟာ Apple ကို တည်ထောင်သူ စတိဗ်ဂျော့ဂျ်ရဲ့ပုံရိပ်ကောင်းတွေကို ပိုမိုထင်ရှားစေပြီး နည်းပညာလောကအတွင်း မိုနိုပိုလီလုပ်နိုင်ဖို့ အခွင့်အလမ်းကောင်းတွေကို တစ်ခုပြီး တစ်ခု ဖန်တီးပေးနေတာ တွေ့ရပါတယ်။

တချို့သော စီးပွားရေးလုပ်ငန်းရှင်တွေက Apple ရဲ့ အောင်မြင်မှုကို နမူနာယူပြီး လေ့လာသင်ကြားမှုတွေ လုပ်နိုင်ဖို့ ကြိုးစားခဲ့တာ တွေ့ရပါတယ်။ ဥပမာအနေနဲ့ Apple ရဲ့ပစ္စည်းကြော်ငြာပုံ ကြော်ငြာနည်းတွေ ကုန်အမှတ်တံဆိပ်ခိုင်မာအောင် ဆောင်ရွက်မှုတွေ၊ အဓိကကျသော မိန့်ခွန်းပြောဆိုမှုတွေ၊ ဈေးနှုန်းမြှင့်တင်ခြင်းဆိုင်ရာ ကိစ္စတွေကိုလည်း အတုယူစရာအဖြစ် လေ့လာခဲ့ကြပါတယ်။

၂၀၁၂ ခုနှစ် နှစ်လယ်ပိုင်းမှာ "မာရစ္စမေရာ" ဟာ Yahoo ရဲ့ စီအီးအိုဖြစ်လာပြီး လုပ်ငန်းတိုးတက်မှုရှိအောင် ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အလားတူ စတိဗ်ဂျော့ဂျ်က Apple ကို တစ်ကျော့ပြန်ရောက်လာသောအချိန်၌ လုပ်ငန်းကို ပိုမိုတိုးတက်အောင်လုပ်ဆောင်နိုင်ခဲ့ပါတယ်။

## တစ်ဦးတည်းပိုင် (မိုနိုပိုလီ) စနစ်ကို တည်ထောင်ခြင်း

ကုန်အမှတ်တံဆိပ်သတ်မှတ်ခြင်း၊ စီးပွားရေးအရ ချိန်ခွင်လျှာညီခြင်း၊ ဆက်သွယ်ရေးဆိုင်ရာကွန်ရက်တို့၏ အကျိုးသက်ရောက်ခြင်း၊ နည်းပညာပိုင်ဆိုင်ခြင်းတွေအားလုံးပါဝင်ပေါင်းစပ်ထားသော စီးပွားရေးစနစ်တစ်ခု ဖြစ်ပါတယ်။

သင်က မိုနိုပိုလီစနစ်နဲ့ စီးပွားရေးလောကမှာ အောင်မြင်ချင်တယ်ဆိုရင်... သင့်ရဲ့ဈေးကွက်ကို သေချာစွာ ရွေးချယ်ပြီး သင့်ရဲ့အကျိုးအမြတ်ရှာဖွေနိုင်တဲ့ နယ်ပယ်ပိုမိုကျယ်ဝန်းလာအောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။

mgyoe.com